# နှမ်ရာရာသိုင်း

တိမ်တောင်ညိုပြာ



# အမှာစာ

. . . . နှင့်ပတ်သက်၍

တိမ်တောင်ညိုပြာကဲ့သို့ ဝတ္ထုမျိုး ရေးရသည်မှာ များစွာ အန္တရာယ်ကြီးပါသည်။

စင်စစ် ဤဝတ္ထုပါ ဇာတ်လမ်းမျိုးသည် ဘာမှထူးဆန်းလှသည် မဟုတ်။ အကြားဖြင့် နားဝ နေသောအဖြစ်အပျက်မျိုး ဖြစ်သကဲ့သို့ စာရေးဆရာအများပင် ဤဇာတ်လမ်းနှင့် ဆင်ဆင်တူသော ဇာတ်လမ်းမျိုး အမြောက်အမြား ရေးဖွဲ့ခဲ့ပြီး ဖြစ်ပါသည်။

သို့ရာတွင် ဤဇာတ်လမ်းမျိုးသည် ကမ္ဘာပေါ်တွင် သစ္စာတရားများဖြင့်သာ ထုံမွမ်း၍ လူတိုင်းလူတိုင်း မိမိစိတ်ကို မိမိထိန်းသိမ်း၊ မိမိသီလကို မိမိဘာသာ မိမိထိန်းသိမ်းနိုင်မှသာ ဆိတ် သုဉ်းသွားနိုင်ပေမည်။ သို့အတွက် ဆင်တူကြောင်းကွဲ၊ မရိုးမစွဲဇာတ်လမ်းများ တဖွားဖွား ပေါ်ပေါက်နေမည်မှာ နေ့စဉ်နှင့်အမျှ ဖြစ်နိုင်ပါသည်။

ကျွန်တော်ဝတ္ထုသည် ဤဇာတ်လမ်းမျိုးအနက်မှ တစ်ခုဖြစ်ပါ၏ ။

ဤဝတ္ထုကို များစွာသောပျော်ရွှင်ဖွယ် ဝတ္ထုဖတ်ပရိသတ်များ နှစ်သက်လက်ခံလိမ့်မည်ဟု မမျှော်လင့်ပါ။

သစ္စာတရားကို ချစ်မြတ်နိုးသော စာဖတ်သူတို့သာ ဤအဖြစ်အပျက်ကို မချစ်သာသော စိတ်နှလုံးဖြင့်ကြည့်ရှုခံစားပြီး အသင့်အတင့်လက်ခံနိုင်မည်ဟု မရေးခင်ကပင် အောက်မေ့ဆင်ခြင် ပြီး ဖြစ်ပါသည်။

သို့ရာတွင် အချစ်ဝတ္ထုရေးသူတစ်ဦးအနေနှင့် အချစ်၏ ပျော်ရွှင်ချမ်းမြေ့ဖွယ် အဖြစ်အပျက် များအပြင် အချစ်ကြောင့် စိတ်ညစ်နွမ်း ဆိုးယုတ်မှုများကိုပါ "တစ်ရံတစ်ခါ" တင်ပြသင့်သည်ဟု ယူဆမိသည့်အလျောက်

ဤဂုဏ်ထူးကို ရေးဖြစ်အောင် ရေးလိုက်ခြင်းပင်။

ရည်ရွယ်ချက်မှာ . . .ကျွန်တော့်ဇာတ်လိုက် ရဲအောင်နိုင်လိုလူမျိုး ဖြစ်နိုင်လျှင် နည်းနည်း ပို၍ ဖြစ်နိုင်လျှင် လုံးဝမပေါ်ပေါက်စေလိုသော စေတနာဖြစ်ပါသည်။

ပြီးခဲ့သော နှစ်လလောက်က ကျွန်တော်မေမြို့သို့ ခရီးထွက်ခဲ့သည်။

ရွှေသမင် စာအုပ်တိုက်ပိုင်ရှင် ကိုအောင်နှင့် မန္တလေးမှ ကာတွန်း ဗိုလ်မောင်တို့၏ အကူ အညီပေးမှုဖြင့် မေမြို့ ရေချမ်းအိုးရွာကလေးရှိ မိတ်ဆွေများထံတွင် တည်းခိုခွင့်ရပါသည်။ ထို့ပြင် ပန်းနုရောင်လိမ္မော်ရောင်၊ ခရမ်းရောင်၊ အဖြူရောင်များဖြင့် လွန်စွာတင့်တယ်လှပသော ဟော်လန် သစ္စာပန်းခင်းကြီးများသို့ သွားရောက်လေ့လာရင်း မိုင်တိုင်အမှတ် ၄၅/၂ ရှိ ခြံလေးတစ်ခြံသို့ ကျွန် တော်စိတ်ဝင်စားသွားပါသည်။

မေမြို့ပတ်ဝန်းကျင်တွင် အဆင်သင့်သလို နေရာများစွာ သွားရောက်လေ့လာရင်း 'တိမ်တောင်ညိုပြာ'ကိုလည်း ကျွန်တော် ရှာဖွေတွေ့ရှိခဲ့ပါသည်။

သို့ရာတွင် တိမ်တောင်ညိုပြာလည်း မလှပါ။

ထုတ်ဝေသူက ကျွန်တော့်ဝတ္ထုကို ဖတ်ပြီး 'သိပ်မကြိုက်ဘူးဗျာ'ဟု ပြောပါသည်။ တဆက် တည်းပင် 'ခင်ဗျားဝတ္ထုကို ကျွန်တော့်မိန်းမ ပေးမဖတ်ရဲဘူး' ဟုလည်း ကျွန်တော်နားမလည်သော စကားတစ်ခွန်း ပြောပါသည်။

'သူငယ်ချင်းတချို့က 'ကောင်းတယ်၊ ဒါမျိုးလဲ တစ်ခါတစ်လေ ရေးမှပေါ့'ဟု အားပေးပါ သည်။

သူငယ်ချင်း တချို့က 'မကြိုက်ဘူး။ ဒါမျိုး နောက် ဘယ်တော့မှ မရေးပါနဲ့'ဟု တားမြစ်ပါ သည်။

မိန်းကလေးမိတ်ဆွေတချို့ကမူ ‘ရဲအောင်နိုင်ကို မုန်းလိုက်တာ၊ ဖတ်ရင်းဖတ်ရင်း ဝတ္ထုကို ဆွဲဆုတ်ပစ်ချင်စိတ်တောင် ပေါ်လာတယ်’ဟု ပြော၏ ။

ကျွန်တော် ရေးလိုသော အဓိကဆန္ဒမှာ ရဲအောင်နိုင်လို လူမျိုးကို မမုန်းမုန်းအောင် ပြောပြ လိုခြင်းပင်။ ကျွန်တော့်ရည်ရွယ်ချက်အနည်းအကျဉ်း အောင်မြင်သည်ဟု ကိုယ့်ကိုယ်ကိုယ် ကျေနပ်ရပါသည်။

ဝတ္ထုနှင့်ပတ်သက်၍ ဘာမှ မခံစားရသော . . .

ကျွန်တော် ဝတ္ထုရေးဖွဲ့ရာ၌ အလွန်တရာ ညံ့ဖျင်း၍ ဖြစ်ပါသည်။

ချစ်သည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေ . . .တစ်ခုခု ခံစားရသော . . ..

ကျွန်တော် ဝတ္ထုရေးတတ်ပြီဟု ပြောနိုင်ပါသည်။

သို့ရာတွင် ဝတ္ထုကို ဖတ်ပြီး ရဲအောင်နိုင်ကို ခင်ခြင်း၊ သနားခြင်း၊ ချစ်ခြင်း စသည်တို့ ဖြစ်ပြီ ဆိုလျှင်တော့ . . .

ကျွန်တော် ဝတ္ထုဆက်ရေးဖို့ မကောင်းတော့ . . .

ပရိတ်သတ်များ နှစ်သက်လိမ့်မည်ဟု ရဲရဲတင်းတင်း မမျှော်လင့်ရဲသော်လည်း ‘တိမ်တောင် ညိုပြာ’ ကို ကျွန်တော် အလွန်ချစ်ပါသည်။

တိမ်တောင်ညိုပြာ သင်ကြားပေးလိုက်သော တစ်စုံတစ်ရာသည် အဆင်ခြင်မဲ့စွာ ချစ်တတ် လေ့ရှိသော ကျွန်တော်တို့အား တစ်ခုခုသော အတားအမြစ် ဖြစ်လိမ့်မည်ဟု အလေးအနက် ယုံကြည်ပါသည်။

ကျွန်တော်တို့သည် နေ့စဉ်လိုလို ချိုမြိန်သော ဟင်းများ၊ သွားရည်စာများ၊ အဖျော်ရည်များ သောက်သုံးရန် ပျော်မွေ့ကြည့်တိုင် တစ်ခါတလေ မိမိကျန်းမာရေးအတွက် ဆားခါးကြွေဇွန်း အမောက်သောက်သုံးရပါသည်။

ဖောက်ပြန်သော လူတစ်ယောက်အကြောင်းကို ရေးဖွဲ့သောအခါ ထိုသူအား အားကျဖွယ်၊ နှစ်သက်ဖွယ် မဖြစ်စေရဟု ကျွန်တော် ယုံကြည်ပါ၏ ။

တိမ်တောင်ညိုပြာ . . . အမှတ်တရ အယ်လ်ဘမ်ကို စာအုပ်ထဲ ထည့်ချင်သည် ဆိုသော အခါ ကျွန်တော် ကျွန်တော့်၏ ထုတ်ဝေသူကို မတားမြစ်တော့ပါ။

ကျွန်တော်ကိုယ်တိုင်လည်း ဤခရီးလေးကို အမှတ်တရ ရှိလှပါသည်။ ထို့ကြောင့် ဤခရီး တလျှောက်လုံးကို ကိုယ်ပိုင်အယ်လ်ဘမ်တစ်ခုအဖြစ် မြတ်မြတ်နိုးနိုးကို သိမ်းဆည်းထားမိသည်။ ဝတ္ထုစာအုပ်ထဲမှာ အယ်လ်ဘမ်သည် ကျွန်တော့်အယ်လ်ဘမ်၏ တပိုင်းတစမျှသာ ဖြစ်၏ ။

ကူညီကြသူများ အားလုံးကို ကျေးဇူးတင်ပါသည်။

ဤဝတ္ထုမှ အချို့နာမည်များသည် အမည်ရင်းများ ဖြစ်ကြ၏ ။

အချို့နေရာများသည် နေရာရင်းများ ဖြစ်ကြ၏ ။

တကယ့်အဖြစ်အပျက်လားဟု မေးလျှင် မဟုတ်ဟု ကျွန်တော် ငြင်းမည်မှာ သေချာပါ သည်။ ထို့ကြောင့် စကားပြောကြေးနန်း အမှတ် (၄၀၅၁၉) မှ နေ၍ ဤမေးခွန်းကို မမေးကြပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။

အားလုံးကို ကျေးဇူးတင်ပါ၏ ။

ခင်မင်သော . . .

နွမ်ဂျာ

(၁)

ရှန်ဟဲဆံပင်ကောက်ဆိုင်ရှေ့ စုပေါင်းလုပ်သားကားဂိတ်မှ စထွက်သောအခါ နံနက်ပိုင်း သည် ခုနစ်နာရီ မိနစ်နှစ်ဆယ်ရှိပြီဖြစ်၏ ။

“ဟိုရောက်အောင် ဘယ်နှစ်နာရီ မောင်းရမလဲ”

ရဲအောင်နိုင်က နောက်ခန်းဘက် ခေါင်းလှည့်ရင်း မေးသည်။ အမေးက ဘယ်သူ့ဆီ ရည်ရွယ်မှန်း မသိသဖြင့် ကားပေါ်ရှိ လူသုံးယောက်လုံးထံမှ အဖြေတစ်ခုတည်း တစ်ပြိုင်တည်း လိုလို ပေါ်ထွက်လာသည်။

“နှစ်နာရီ”

“ဩော် . . . သိပ်မှ မကြာပဲနော်”

သုံးယောက်လုံး၏ အဖြေကို ထပ်ဆင့်မေးလိုက်သော အမေးဖြစ်သဖြင့် သည်တစ်ခါတော့ သုံးယောက်မဆုံအောင် တစ်ယောက်အဖြေ တစ်ယောက်စောင့်ကြသည် ထင်သည်။ ဘယ်သူမျှ မဖြေကြ။ နောက်ခန်းမှ ခင်လေးအောင်နှင့် နီလာတို့က ခေါင်းညိတ်ရုံ ညိတ်သည်။

နောက်ခန်းမှ ဖြေသံမကြားရတော့မှ ကားဆရာက ၂၉ လမ်းအတိုင်း အရှေ့စူးစူးသို့ မောင်းနေသော သူ့ကားကို ထိန်းမောင်းရင်း . . .

“သိပ်မှမဝေးဘဲ ဆရာ၊ လေးဆယ့်နှစ်မိုင်ပဲရှိတာပဲဟာ၊ မြေပြန့်ဆို တစ်နာရီလောက်နဲ့ တောင် ရောက်တယ်။ အဆင်းဆိုလဲ ဒီလောက်မကြာဘူး”

သည်တော့မှ ယခုသွားမည့်လမ်းသည် တောင်တက်လမ်းဖြစ်သည်ဆိုသည်ကို အမှတ်ရ သည်။ အိမ်နှင့်ခွဲ၍ သိပ်ဝေးဝေးလံလံ ခရီးမထွက်ဖူးသူတို့၏ ထုံးစံဇာတိလေးက ပြလာသည်။ ခရီး သွားနေကျလူတို့ မေးလေးမေးထမရှိသော မေးခွန်းများ ခေါင်းထဲရောက်လာ၏ ။

“တောင်တက်လမ်းဆိုတော့ မောင်းရ သိပ်ခက်မှာပဲနော်”

ကားဆရာ လူငယ်က ရယ်သည်။

"အင်း . . . ဘယ်လိုခေါ်မလဲ၊ ခက်တော့ ခက်တယ် ပြောရမှာပေါ့ဗျာ၊ သူက ဖြူးဖြူး ဖြောင့်ဖြောင့်လမ်း သွားရတာ မှ မဟုတ်ဘဲ။ ဘာမဟုတ်တဲ့ ခရီးလေးကို ကွေ့ပတ်သွားနေရတော့ စိတ်ရှိတိုင်း လုပ်လို့မရဘူးပေါ့။ ဒီကြားထဲ အတိမ်းအစောင်း တစ်ခုခုဖြစ်သွားရင်လဲ ဖြစ်လာမယ့် အန္တရာယ်က ကြီးတော့ အရမ်းဂရုစိုက်ရတာ ပေါ့"

ကားဆရာသည် လူသုံးယောက်တည်းနှင့် ကားတစ်စီးစာ လူရှစ်ယောက်အတွက် တရာ့ နှစ်ဆယ်ပေးပြီး စင်းလုံးငှားသဘောမျိုး လိုက်လာသည့်ခရီးသည်များနှင့်မို့ ဝန်ပေါ့စိတ်ပေါ့ ကြည်လင်နေ၍ လား၊ ကားပေါ်မှာ ကောင်မလေး ချောချောနှစ်ယောက်ပါ ပါလာသဖြင့် ကြည်နူး သထက် ကြည်နူးနေသလား မသိ။ စိတ်ပါလက်ပါ နှုတအာရွှင်ရွှင်နှင့်ကို ပြန်ဖြေနေသည်။

ကားလေးက လမ်း ၈ဂ ရောက်သောအခါ ညာဘက်သို့ ကွေ့သည်။

ရဲအောင်နိုင်က ဂျစ်ကားပေါ်မှနေ၍ ထင်းထင်းကြီးမြင်နေရသော ဒေါ်မြရင် ဝက်အူချောင်း ဆိုသည့် ဆိုင်းဘုတ်ကြီးကို လှမ်းဖတ်လိုက်ပြီး ကားနောက်ခန်းဘက် ခေါင်းလှည့်၍ . . ..

"နီလာတို့အိမ်က မေမြို့ထဲမှာပဲလား"

နီလာက ခေါင်းခါသည်။

"မြို့ပေါ်မှာတော့ မဟုတ်ဘူး ကိုရဲအောင်နိုင်၊ မေမြို့အထွက်ကလေးတင်ပဲ"

"ဒါဖြင့် ခုသွားရင် မေမြို့အထိ မရောက်ဘူးပေါ့"

"ရောက်တာပေါ့၊ ဒီဘက်အထွက် မဟုတ်ဘူး၊ ဟိုဘက်အထွက်၊ လားရှိုးသွားတဲ့လမ်းမှာ"

“ရေငယ်လား”

နီလာ့စကားအဆုံးတွင် ကားဆရာက ဝင်ထောက်မေးလိုက်သည်။ ကားဆရာအကြည့်ကို နီလာက တုံ့ပြန်ကြည့်ရင်း ခေါင်းခါလျက် . . . ‘မဟုတ်ဘူး၊ ရေချမ်းအိုး’ဟု ဖြေသည်။ ‘သြော်’. . . . ဟုဆိုကာ ကားဆရာက ပြန်လှည့်ပြီး . . . .

“မမြို့ထွက်ရုံကလေးပါ၊ ရေတံခွန်သွားတဲ့ လမ်းမှာပဲ”

ကားဆရာစကားကြောင့် ရဲအောင်နိုင် စိတ်ထဲလှုပ်ရှားသွားသည်။ တစ်ခါမျှ မသွားဖူးသည့် ခရီး၏ ပုံစံနှင့်အတူ ဒေသကြောင့် ရင်ထဲ နွေးနွေးလေး ခံစားလိုက်ရသည်။ ပျော်စရာကောင်းသည့် တောင်ပေါ်မြို့လေးမှာ ရေတံခွန် စခန်းတွေ ဘာတွေနှင့်။ ပြီးတော့ . . . ခင်လေးအောင်နှင့်၊ ပြီးတော့ လွတ်လွတ်လပ်လပ်လေး . . .။

ရင်သည် စဦးရည်စားထားသော လူပျိုပေါက်လေးလို လှပ်လှပ်ဟာဟာ ဖြစ်လာသည်။

“ကားဆရာ . . . ကျွန်တော်တို့ကို အိမ်အထိ လိုက်ပို့ပေးပါနော် . . . အိမ်က လမ်းဘေး လေးမှာပါ”

နီလာက အကူအညီတောင်းသည့် လေသံမျိုးနှင့် စည်းရုံးလိုက်သည်။ ကားဆရာ အလွယ် တကူပင် ခေါင်းညိတ်၍ . . .

“ရပါတယ် . . . ကျွန်တော် ပို့ပေးပါ့မယ်”

အဆင်ပြေလိုက်ပုံကတော့ ဘာမှ ပြောစရာမရှိဟု ရဲအောင်နိုင် စိတ်ထဲက ကြိတ်ကျေနပ် သွားသည်။

မန္တလေးမြို့သည် နံနက်စောစောသို့ ချမ်းအေးဆဲပင် ရှိနေ၏ ။

*****

သုံးဆယ်လေးလမ်းထောင့် မန္တလေးတက္ကသိုလ်ရတနာဘုမ္မိနယ်မြေကို လွန်ပြီးသည်နှင့် သုံးဆယ့်ငါးလမ်းတွင် အရှေ့ဘက်ပြန်ကွေ့သည်။

ဖြူးနေသော လမ်းမကြီး၏ အဆုံးဘက်တွင် ညိုပြာနေသော တိမ်နှင့်တောင်များကို လှမ်းမြင်လိုက်ရ၏ ။

သံလမ်းကျော်ပြီး မီးပွိုင့်မရောက်ခင်လေးတွင် ကားဆရာက ညာဘက်ကို ဖြည်းဖြည်းကပ် ရပ်ရင်း . . .

"ခဏလေးနော် ဓာတ်ဆီဝင်ထည့်သွားချင်လို့။ ခုမနက်ဆီမဖြည့်ရသေးဘူး"

ရဲအောင်နိုင်က ခေါင်းညိတ်ပြလည်း ကားဆရာက ကားလေးကို ဂ-ငယ်ကွေ့ ကွေ့၍ ဓာတ်ဆီဆိုင်ထဲ ဝင်ရပ်၏ ။ ကားဆရာ သော့ပိတ်ဆင်းသည်နှင့် ရဲအောင်နိုင်ကလည်း အောက် ဆင်းသည်။

"မလေးတို့လဲ ခဏဆင်းချင်ဆင်းလေ မညောင်းဘူးလား။ တစ်ညလုံးလဲ ရထားစီးလာခဲ့ရ တာ"

"ညောင်းတာပေ့ါ"

ခင်လေးအောင်က မျက်စောင်းကြည့်ဖြင့် ပြောရင်း ရဲအောင်နိုင် လှဲချထားသော ရှေ့ခုံ နောက်မှီကို ကိုင်၍ ကားပေါ်မှ ငုံ့ဆင်းလည်း ခင်လေးအောင်နောက်က နီလာပါ ကပ်ဆင်းလာ၏ ။

ရဲအောင်နိုင်က ခင်လေးအောင်၏ လက်ကလေးကို ဆွဲ၍ အဆင်းတွင် ထိန်းပေးသည်။ အောက်ရောက်သောအခါ လက်ချင်းတွဲလျက်။

"လာ . . . မလေး၊ ဒီနား လမ်းလျှောက်ရအောင်"

ခင်လေးအောင် ခေါင်းညိတ်သည်။ ပြီးမှ နီလာ့ဘက်လှည့်၍ . . .

"လာလေ . . . နီလာပါ လိုက်ခဲ့ပါလား"

နီလာက ရယ်ရင်း ခေါင်းခါသည်။

"သွားပါ . . . ကိုယ့်ဟာကိုယ်သာ စုံတွဲကြွ၊ မန္တလေးကနေ စပြီး ဟိုဘက်တောက်လျှောက် ရဲရဲတင်းတင်းနဲ့ လွတ်လွတ်လပ်လပ်သာနေ၊ ဘယ်သူမှလဲ ပြောမယ့်လူ မရှိဘူး။ ဘယ်သူမြင်မှာမှ လဲ မစိုးရိမ်ရဘူး"

နှစ်ယောက်သား ရယ်၍ ဆက်လျှောက်လာခဲ့သည်။ လမ်းမကြီးပေါ်တွင် စက်ဘီးများသာ အတော်များများ တွေ့ရသည်။

"ခုခရီးကတော့ ဒီတစ်သက်မှာ ဘယ်တော့မှ မမေ့မယ့်ခရီးပဲ မလေး၊ ကိုယ်တော့ စိတ်ထဲ မှာ အရမ်းကြည်နူးနေတာပဲ"

"မလေးလဲ ဒီလိုပါပဲ။ ရန်ကုန်က မထွက်ခင်တုန်းကတော့ အတော်ကြောက်သား၊ ရထား ပေါ်မှာထိ တထိတ်ထိတ်ပဲ။ ခုမှ စိတ်ထဲ နည်းနည်းပေ့ါသွားတယ်"

"ဟိုရောက်ရင် ဒီထက်ပေ့ါဦးမယ်၊ တောင်ပေါ်မှာ ချမ်းတယ်နော်"

"ဘာဆိုင်လို့လဲ"

"အို . . . ချစ်ရင် နွေးအောင် ဖက်ထားလို့ရတာ ပေ့ါ"

"သွားပါ သူကတော့ ဒါပဲ စဉ်းစားနေ"

"ဟင် . . . ဒါကြောင့် ဒီခရီး ထွက်လာတာပဲဟာ"

"မဟုတ်ပါဘူးနော် နီလာတို့ဆီ အလည်လိုက်လာတာပါ"

"အလယ်လွန်ရင် နယ်ကျွံတတ်တာ ကိုယ့်ထုံးစံနော်"

ပြောပြီးမှ မှားသွားမှန်းသိသည်။ ခင်လေးအောင် မျက်နှာကွက်ကနဲ ပျက်၏ ။ တည်သွား သော မျက်နှာကို ပြန်မပြင်ဘဲ။

'ပျော်နေတုန်းမှာ အခြားကိစ္စတွေ မပြောနဲ့မောင်ရာ၊ မလေး စိတ်ထဲမှာ

မသန့်ဘူး”

“မလေးကလဲကွာ . . . ရယ်စရာ ပြောတာပါ”

မီးပွိုင့်လမ်းဆုံတွင် မတိုင်ပင်ဘဲ နှစ်ယောက်သား နောက်ပြန်လှည့်သည်။ ဓာတ်ဆီဆိုင်နား ပြန်အရောက်တွင် ကပ်လျက်မှ စာအုပ်အငှားဆိုင်လေးကို သတိထားမိ၏ ။

ဆိုင်နာမည်လေး ဖတ်ကြည့်ပြီး ရဲအောင်နိုင် ရင်ထဲ လှုပ်ကနဲ ဖြစ်သည်။

“မလေး စာအုပ်ဆိုင် နာမည်ဖတ်ကြည့်စမ်း”

ခင်လေးအောင် ဖြတ်ကနဲ လှမ်းကြည့်သည်။

“ဒုတိယ ချစ်သူ

စာပေဆက်ဆံရေး”

“ဘာဖြစ်လဲ . . . အဲဒါ”

“ဘာမှ မဖြစ်ပါဘူး . . .ဆိုင်နာမည်လေး သဘောကျလို့”

ခင်လေးအောင်က မျက်စောင်းတစ်ချက်ဖြင့် တုံ့ပြန်သည်။

“မောင်နော် . . . မလေး ငိုအောင်မစနဲ့”

ရဲအောင်နိုင်က ရယ်၍ ဖော့ပစ်လိုက်သည်။ ဂျစ်ကားနား ပြန်အရောက်တွင် အရှေ့စူးစူး သွားရမည့် လမ်းဘက် ပြန်ကြည့်သည်။

တောင်များသည် ပြာမှိုင်းနေ၏ ။

*****

“ဒီဘက်က ပုသိမ်ကြီးမြို့နယ် ခင်ဗျ”

မန္တလေးမြို့မှ နှုတ်ခွန်းဆက်သပါ၏ ဟု ရေးသားထားသော ဆိုင်းဘုတ်အလွန်တွင် ကားဆရာက ရှင်းပြသည်။

လှမ်းမြင်နေရသော တောင်များနှင့် နီးလာသော်လည်း လမ်းက ကွင်းလယ်ခေါင်တွင် ထီးတည်းဖြောင့်ဖြောင့်ကြီး သွားနေရဆဲမို့ ရဲအောင်နိုင်က ဘေးဘယ်ညာတစ်ချက် ကြည့်ရင်း . . .

“ခုထက်ထိတော့ မြေညီပဲ ရှိသေးတယ်နော်”

“ဟုတ်တယ် ဆရာ၊ တောင်တက်လမ်းက ၁၆ မိုင် ၄ ဖာလုံမှ စမှာ”

ကားဆရာစကားကြောင့် သြော် . . . သွားနေကျ လာနေကျတော့လည်း ဘယ်နေရာ ဘာရှိသည်ဆိုသည်ကို အတိအကျ သိနေတာပဲဟု စိတ်ထဲက တွေးလိုက်သည်။ ပြောသည့်လူက မိုင်တွေ ဖာလုံတွေနှင့်ချိပြီး ပြောသည်မို့ ကိုယ်လည်း လမ်းဘေးက မိုင်တိုင်လေးတွေ သတိထား ကြည့်ရန် လမ်းဘေးသို့ အကြည့်ဖြင့် ရှာသည်။ အနီးဆုံး မိုင်တိုင်က ရှေ့ခပ်လှမ်းလှမ်းလေးမှာ . . .။

“ဟိုးကဟာ ရန်ကင်းတောင်လေ၊ ရှေ့က ဆိုင်းဘုတ်လေးနားမှာ မေမြို့သွားတဲ့ လမ်းနဲ့ လမ်းခွဲတယ်”

ကားဆရာစကားကြောင့် မိုင်တိုင်ထံရောက်နေသော အာရုံပြတ်သွားသည်။ လမ်းရှေ့ဘက် လှမ်းကြည့်သည်။ လမ်းပေါ်တွင် အမိုးမပါသော မြင်းလှည်းခါးပြတ်လေးတစ်စီး၊ ခပ်လှမ်းလှမ်းတွင် လမ်းခွဲ၊ လမ်းခွဲဆုံတွင် မန္တလေး မေမြို့စသဖြင့် ရေးထားသော လမ်းခွဲပြဆိုင်းဘုတ်နှင့် ကတ္တရာ လမ်းပေါ်တွင် လှည်းမမောင်းခြင်းဖြင့် နိုင်ငံတော်၏ ကုန်ကျငွေကို ကူညီထိန်းသိမ်းပါ။ ကတ္တရာ လမ်း တစ်မိုင်တန်ဖိုး ဘာညာ ရေးထားသော အဖြူခံ

ဆိုင်းဘုတ်လေးထောင့်တစ်ခု။

လမ်းခွဲတွင် ညာဘက်သို့ ကွေ့သည်။ တော်တော်လေး သွားမိမှ မိုင်တိုင်ကို သတိပြန်ရပြီး ရောက်လက်စ မိုင်တိုင်လေးကို လှမ်းဖတ်သည်။ ၄ မိုင် ၈ ဖာလုံ။

"အဲဒီ ညာဘက်က ဆရာမြင်တဲ့ လယ်ကွင်းကြီးက နာမည်ကြီး အောင်ပင်လယ်ကန်ပေ့ါ။ ခုတော့ တိမ်ကောသွားပါပြီ။ ရှေ့နားက ၅ မိုင်နေရာမှာ အောင်ပင်လယ် ဘိုးဘိုးကြီး နတ်ကွန်းရှိ တယ်"

"ဘာလဲ . . . ကိုအံ့ကြီး သီချင်းထဲက အောင်ပင်လယ်လား"

ကားဆရာက ရယ်သည်။ သည်အမေးက ရဲအောင်နိုင်မေးသည် မဟုတ်။ နောက်ခန်းမှ ခင်လေးအောင် လှမ်းမေးလိုက်ခြင်း။ ကားဆရာက ရယ်ရင်းနှင့် . . .

"ဟုတ်တယ် အစ်မ . . . ကိုအံ့ကြီးလဲဆိုဖူးတယ်။ ခုတော့ ပြန်ဆိုတဲ့လူတွေ များနေပါပြီ။ နန်းတော်ရှေ့ဆရာတင် ရေးတုန်းကတော့ မြခြေကျင်း မငွေမြိုင် စဆိုတာပဲ။ နောက်သီချင်းတွေလဲ ရှိပါသေးတယ်"

ကားဆရာ၏ ရှည်ဝေးသော ရှင်းပြချက်ကြောင့် 'ငါ့လူက အစုံရတာ ပါလား' ဟု ရဲအောင်နိုင် စိတ်ထဲက တွေးလိုက်သည်။

လယ်ကွင်းဖြစ်နေသော အောင်ပင်လယ် ကန်စောင်းနေရာဘက်သို့ လှမ်းကြည့်လိုက်၏ ။

နားထဲတွင်လည်း သူရခဲ့ဖူးသော အောင်ပင်လယ်သီချင်းစာသားတချို့ ခေါင်းထဲဝင်လာ သည်။

"စိမ်းမြလျှံခြယ် . . . အောင်ပင်လယ် . . . တောနဲ့ တောင်စွယ် . . . ကိုကြီးတင်ပျော်တဲ့ နယ် . . .ရွှေနန်းတော် အရှေ့ ပြဲ့ဖွာဝယ် . . . ကုမ္မာရီကောက်စိုက်မတွေ အသွယ်သွယ် ဆိုတေးသံ ချိုလှတယ်. . . လွမ်းတော်မူလို့

စာကို စီတယ် . . . တိမ်နီတိမ်ဝါ . . . တိမ်ပြာတွေ သန်းပြန်တော့”

သည်နေရာ သည်မြင်ကွင်းက ခုမှ ရောက်ဖူးမြင်ဖူးသည့် မြင်ကွင်းစိမ်း ဖြစ်သော်လည်း ကြားဖူးဆိုဖူးနေသော သီချင်းအခံကြောင့် သီချင်းထဲကလိုပင် ဘယ်ဆီသို့ ဘယ်ညာသို့ လွမ်းရ မယ် . . . ဖြစ်လာ၏ ။

ကားဆရာ စောစောက ပြောလိုက်သော စကားများကလည်း နားထဲဝင်လာသည်။

“အဲဒီ ညာဘက်က ဆရာမြင်နေရတဲ့ လယ်ကွင်းကြီးက နာမည်ကြီး အောင်ပင်လယ်ကန်ပေါ့ ခုတော့ တိမ်ကောသွားပါပြီ”

ရဲအောင်နိုင် သက်ပြင်းချသည်။ ပုဂံခေတ်ကတည်းက ကန်တိလိကန်အမည်ဖြင့် တည်ရှိခဲ့ ပြီး ဆင်ဖြူရှင် လက်ထက်တွင် လယ်ယာများ ထွန်ယက်စိုက်ပျိုးသည့်အခါ ယင်းကန်မှ ရေကို ဖောက်ထုတ်ယူ၍ လယ်ကွင်း ရေသွင်းစိုက်ပျိုး အောင်မြင်ခဲ့သဖြင့် အောင်ပင်လယ်ကန်ဟု အမည် ရခဲ့သည့်ကန်၊ ရှေးမင်းအဆက်ဆက် လယ်ထွန်မင်္ဂလာ တခမ်းတနား ဆင်နွှဲခဲ့သည့် နေရာ၊ နာမည် ကြီးကန်။

ခုတော့လည်း ပြောသူရှိမှပင် သိတော့မည့်နေရာ။

အပျော်လက်ဖက်စားနေရာမှ စိတ်အနှောင့်အယှက် ခဲကို ဝါးမိသလို ခံစားရသည်။

သူ့ရင်ထဲကို အခြားအောင်ပင်လယ်တစ်ခု ရုတ်ခြည်းရောက်ရှိလာ၏ ။

*****

“လွမ်းတော်မူလို့ စာကိုစီတယ် . . .တိမ်နီ တိမ်ဝါ . . . တိမ်ပြာတွေ သန်းပြန်တော့ . . . ဘယ်ဆီသို့ ဘယ်ညာသို့ လွမ်းရမယ် . . .ညွန်းပေါ့ကွယ် . . .ကြာပင်အိုင်ကြီးရယ် . . . .”

ရဲအောင်နိုင်က ရေးလက်စစာကို ဖြောင့်ဖြောင့်မရေးဘဲ ဘာမဆိုင် ညာမဆိုင် သီချင်းထ ဟစ်လိုက်သဖြင့် ကြွက်က ပျူးပျူးပျာပျာ လှမ်းကြည့်ပြီး . . .

"ဟေ့ကောင် . . . အဲဒါ ဘာဖြစ်တာလဲ"

"လွမ်းတာ . . .လွမ်းတာ၊ မင်းကြီးဒေါ်တဲ့မှပဲ။ လွမ်းတာတောင် လွမ်းမှန်း မသိဘူးလား"

ကြွက်က သူ့နဖူးကို လက်ဝါးဖြင့် စိတ်ပျက်လက်ပျက် ရိုက်သည်။

"သေပါတော့ခွက်ရာ၊ မင်းလွမ်းတာကလဲ ကုလားတိုက် ကျားဝင်ကိုက်တာ ကျနေတာပဲ။ ဘေးကလူသာ နှလုံးရောဂါရှိရင် မင်းလွမ်းတာနဲ့ လန့်သေသွားနိုင်တယ်"

ကြွက်၏ အမည်ရင်းက အောင်သိန်း၊ သို့သော် အတန်းထဲတွင် ချောင်ထဲကုပ်ထိုင်ပြီး တစ်ချက်တစ်ချက်မှ ပြူတစ်ပြူတစ်ခေါင်းပေါ်ပေါ်လာတတ်သဖြင့် ဆရာမက ကြွက်ဟု တစ်ကြိမ် အမည်ပေးရာကစပြီး ကြွက်ဖြစ်လာရသူ။ ကျောင်းမှာ ရဲအောင်နိုင်နှင့် ကြွက်က အတွဲဆုံး။ ထို့ကြောင့် ရဲအောင်နိုင်က ကြွက်၏ သူငယ်ချင်း ခွက်ဖြစ်လာရသည်။

"သေရင်လဲ သေတော့ ကြွက်ရာ။ မင်းလုပ်လိုက်တာနဲ့ ငါ ဖီလင်အောက်သွားပြီ။ ခုနက လွမ်းလွမ်းနဲ့ ရေးမလို့ စာသားလေးတောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး"

"အမယ်လေးကွာ၊ ကြီးကြီးကျယ်ကျယ်လုပ်လို့၊ ရည်းစားစာရေးတာ ဘာမှ ရေကြီးခွင်ကျယ် လုပ်နေစရာ မလိုဘူး၊ မင်းမရေးတတ်ရင်ပြော၊ ငါ့ကို လက်ဖက်ရည်တစ်ခွက်ပဲတိုက်၊ ငါအပျံစား ရေးပေးလိုက်မယ်"

ကြွက်စကားကြောင့် ရဲအောင်နိုင် ရှုံ့သွားသည်။

"သွားစမ်းပါ . . .ဒါမျိုးတွေ ဝါသနာမပါဘူး၊ ခံစားမှုအတုအရောင်နဲ့လဲ

ကိုယ်ချစ်တဲ့ထွေးကို မလှည့်စားနိုင်ဘူး၊ ကိုယ်ပေးတဲ့စာမှာ ကိုယ့်ခံစားမှုတွေ အပြည့်ပါသွားရမယ်၊ ဒါမှ . . .”

“ဒါဖြင့်လဲ မင်းစာအောက်ကနေ ငါထောက်ခံစာရေးပေးလိုက်မယ်လေ၊ ဤစာသည် နိုင်ငံ ခြားမှလာသော မလိုင်အပြည့်နို့ဆီကဲ့သို့ ခံစားမှု ပျစ်ပျစ်နှစ်နှစ် ပါဝင်နေသော စာဖြစ်ကြောင်း ရဲဝံ့စွာ အာမခံပါသည်။ လိုအပ်သလို ဆက်လက်ဆောင်ရွက်ပါရန် . . .လို့”

“နေပါစေ ကွက် . .. မင်းလုပ်လိုက်ကာမှ တော်ကြာ ထွေးက ငါ့ကို အရူးနဲ့ပေါင်းနေလို့ ကိုရဲအောင်နိုင်လဲ သွပ်တွတ်တွတ် ဖြစ်လာပြီထင်တယ်ဆိုပြီး ရှိပြီးသား ချစ်စိတ်လေး ပျောက်သွား ဦးမယ်”

“အမယ် . . .ကြီးကျယ်လိုက်တာ၊ ရှိပြီးသားချစ်စိတ်တဲ့ . . . စာသွားပေးရင်ပဲ ပါးရိုက် မလွတ်အောင် ဆုတောင်းပါဦး”

“ဟာ . . .ဒီကောင် မဦးမချွတ်”

တကယ်ပင် ထိတ်ထိတ်ပျာပျာနှင့် ရဲအောင်နိုင် လွဲစေဖယ်စေ လုပ်လိုက်ခြင်းဖြစ်သည်။ ပြောလို့ရတာ မဟုတ်၊ အထက်တန်းကျောင်းသားဘဝ သည်အသက်အရွယ်နှင့် ရည်းစားထားချင် စိတ်ပေါက်ခြင်း၏ ။ နောက်ကွယ်မှာ အန္တရာယ်တွေက တပ်နှင့်ချီ၍ စောင့်ဆိုင်နေတတ်သည်။

တစ်ဖက်က ကိုယ့်ကို လက်မခံလို့ ကိုးရိုးကားရား ပြန်လုပ်လိုက်လျှင်လည်း အရှက်ကွဲနိုင် သည်။ မတော်တဆ ဆရာ၊ ဆရာမ ကျောင်းအုပ်ကြီး စသည်တို့ကို သွားတိုင်လိုက်လျှင်လည်း ဒုက္ခ များနိုင်သည်။ ကိုယ်လိုက်နေမှန်း လူသိပြီး ကိုယ့်ကို လက်မခံမှန်း သိသွားကြလျှင်လည်း ရေရေလည်လည် အလှောင်သရော်ခံရမည်။

သည်အတွေးကြောင့် စောစောက လွမ်းတော်မူဖို့ စာကို စီတယ်လေးတောင် ဘယ်ရောက် သွားမှန်း မသိ။

*****

သို့သော် . . . ကြောက်မည့်သာ ကြောက်ရသည်။ စိုးရိမ်ရရိုးထုံးစံမို့သာ စိုးရိမ်ရသည်။ ထွေးနှင့် ပတ်သက်၍ သိပ်ဆိုးဆိုးရွားရွား ဖြစ်စရာတော့ မရှိနိုင်ဟု ရဲအောင်နိုင်၏ စိတ်တွင် တစ်နေ ရာက ကောင်းစွာယုံကြည်နေတော့၏ ။

ပွင့်ပွင့်လင်းလင်းသာ ဘာမှမစရသေး၍ အတိအကျ မပြောနိုင်သော်လည်း လက်ရှိ အနေ အထားထိ ကိုယ်ရထားသော အခြေအနေက သေချာပေါက်ကြီး မဟုတ်တောင် မဆိုးဘူးဆိုသည့် အဆင့်တော့ ရှိမည်ဟု သူသတ်မှတ်ထားသည်။

စလာခဲ့သည့် အချိန်ကလည်း မနည်းတော့ ကိုးတန်းတည်းက တစ်နှစ်လုံးပျိုးလာခဲ့သည့် ကိစ္စ။

ရှစ်တန်းအောင်ပြီး ကိုးတန်းအတက်မှာ ရဲအောင်နိုင်တို့ကျောင်းသို့ ထွေးထွေးလှိုင်ပြောင်း လာသည်။ မူလ ထွေးထွေးလှိုင် တက်နေသည့်ကျောင်းက အထက်တန်းတွင် ဝိဇ္ဇာသီးသန့် ကျောင်း၊ ရဲအောင်နိုင်တို့ကျောင်းက ဝိဇ္ဇာ၊ သိပ္ပံကျောင်း။ ထို့ကြောင့် ရှစ်တန်းကို သိပ္ပံနှင့် အောင် လာသော ထွေးထွေးလှိုင် ရဲအောင်နိုင်တို့ကျောင်းသို့ ရောက်လာသည်။

ထွေးထွေးလှိုင်တို့ဖခင်က မြို့နယ်တွင် အတန်အသင့် ဩဇာရှိသော အရာရှိတစ်ဦးမို့ ထွေး ထွေးလှိုင်ကို လူသစ်နှင့် အကျတန်းဘီခန်းတွင် မထားဘဲ ရဲအောင်နိုင်တို့ အတန်းထဲသို့ ရှုပ်ရှုပ်ချုံချုံ ရောက်လာအောင် လုပ်ပေးနိုင်သည်။

ရောက်လာသည့်နေ့ကပင်စ၍ ရဲအောင်နိုင်စိတ်ထဲသို့ မျောက်မဟုတ်သော်လည်း မျောက် လောက်နီးနီး ဆော့သောစိတ်ကလေးတစ်ခု စတင်ဝင်ရောက်ခဲ့သည်။

ကျောင်းစာအုပ်များနှင့်ရော၍ ဗလာစာအုပ် အသစ်လေးတစ်အုပ်တိုးလာသည်။ အဆိုပါ စာအုပ်လေးကို ရဲအောင်နိုင်က ‘အချစ်၏

နေ့စဉ်မှတ်တမ်း’ဟု အမည်ပေး၏ ။

မှတ်တမ်းမှတ်ရာများကား . . .

ဇူလိုင် ၁၊ တနင်္လာနေ့။

ဆံပင် နှစ်ဘက်ခွဲစည်း၊ ပန်းမပါ၊ စည်းကြိုးပန်းရောင် ။ အကျႌအဖြူ၊ လက်စက ကော်လံ မပါ။

လုံခြည် အစိမ်း။

နေထိုင်ပုံ - မြန်မာစာအချိန်။

သုံးခါပြုံးသည် တစ်ကြိမ်မျက်လုံးချင်းဆုံသည်။

သင်္ချာအချိန်-

နှစ်ခါရယ်၊ တစ်ခါပြုံး၍ တစ်ကြိမ်လှည့်ကြည့်သည်။

ရူပဗေဒအချိန်-

စသဖြင့် ခဏအပြင်ထွက်သွားလျှင်ပင် ဘယ်နှစ်မိနစ်ကြာသည်ကအစ အတိအကျမှတ် သည်။ မုန့်စားချိန် ဘာမုန့်တွေဝယ်စားလာတတ်သည်ကိုလည်း မှတ်သည်။

ဘာလုပ်ဖို့လည်း မသိ၊ ဘာအကျိုးရှိမှန်းလည်း မသိ။ သို့သော် သည်လိုလေး နေ့စဉ် လုပ်နေရသည်ကပင် ဘုဂပေးတာဝန်တစ်ခုကို ကျေပွန်ကျိုးနွံစွာ ထမ်းဆောင်နေရသကဲ့သို့ ကျေနပ်ပီတိဖြစ်သည်။

ပြောလို့ ပြောသည်မဟုတ် နှစ်တစ်ဝက်မကျိုးမီပင် မူလကတည်းက ပန်းချီဝါသနာပါ ပုံဆွဲ တော်သော ရဲအောင်နိုင်သည် ခဏလေးသာ အချိန်ပေး၊ ထွေးထွေးလှိုင်၏ ပုံတူကို အလွတ်ရေးဆွဲ ၍ ရလာသည်။

များများမတူတောင် တော်တော်တော့ တူ၏ ။

*****

(၃)

“ဟင်”

မမျှော်လင့်ဘဲ တွေ့လိုက်ရသော အရာဝတ္ထုလေးတစ်ခုကြောင့် ထွေးထွေးလှိုင် မျက်လုံး ပြူးသွား၏။ ‘ဟယ် . . . တော်လိုက်တာ’ ဟုလည်း စိတ်ဖြင့် လွတ်ကနဲ ပြောမိသည်။

သည်ကျောင်းသို့ ပြောင်းလာသည့် နှစ်ဝက်အချိန်အတွင်းမှာ ပထမဆုံး ထူးခြားပြောင်းလဲ သွားသည့်နေ့ပင်။

ရင်ထဲတွင်လည်း ထိတ်ကနဲခံစားရသည်။ ကမန်းကတန်း ကောက်ယူ ကြည့်လိုက်ချင်သော် လည်း သည်အချိန်မျိုးမှာ သည်ကိစ္စ၏ လက်သည်ပုဂ္ဂိုလ်က တစ်နေရာမှ ချောင်းကြည့်လျှင် ကြည့် နေမည်ဆိုသောအသိကြောင့် ဣန္ဒြေမပျက်ပင် စားပွဲအံထဲသို့ လွယ်အိတ်ထည့်ပြီး ထိုင်လိုက်သည်။

သို့သော် ခဏအတွင်း မြင်လိုက်ရသည့်မြင်ကွင်းနှင့်ပင် ထိုအရာဝတ္ထု၏ အကြောင်းခြင်းရာ အပြည့်အစုံကို မှတ်မိသိရှိနေသည်။
ကတ်ပြားဖြူလေးတစ်ရွက်ပေါ်တွင် သူ့မျက်နှာပုံကို တကြောင်းဆွဲဖြင့် ဆွဲထားသော ပန်းချီကားလေး။

သေချာကြည့်စရာမလိုဘဲနှင့်ပင် သိပ်အတူကြီး မဟုတ်သည့်တိုင်ပင် သူ့ပုံဆိုသည်မှာ သေချာသည်။ အောက်က စာသားလေးကိုလည်း ဖတ်မိလိုက်သည်။

မျက်လုံးအိမ်ကို ထာစရာစိုးမိုးနေသူ - အတွက်

အတန်းထဲက သူငယ်ချင်းတစ်ဦး။

သည်စကားက မုသားမဟုတ်ဟု သူနားလည်လိုက်သည်။

ထိုပုံတူသည် သူ့ဓာတ်ပုံကို တစ်နည်းနည်းနှင့်ရယူပြီး အကွက်တွေ ဘာတွေချကာ ကြည့်ဆွဲသည်မဟုတ်။ သည်အနေအထားဖြင့် သူ့ဓာတ်ပုံတစ်ခါမှ

မရိုက်ဖူးခဲ့။

ကေန္တ ထို 'အတန်းထဲက သူငယ်ချင်း' မျက်လုံးအိမ်တွင် သူတကယ်ထာဂရ စိုးမိုးနေ၍ ပဲ ဖြစ်ရမည်။

ရင်ထဲတွင် လှပ်ကနဲခုန်၏ ။

စားပွဲဖုံးကိုဖွင့်၍ စာရွက်ထည့်မည်အပြုတွင် တန့်သွားသော ထွေးထွေးလှိုင်၏ လက်ကို သူမြင်လိုက်သည်။

သူ့ပုံကို ထွေးထွေးလှိုင်မြင်သွားပြီဆိုသည်ကတော့ သေချာသွား၏ ။ ကောက်ယူကြည့်ရှု လိုက်မလား စောင့်ကြည့်သည်။ ထိုပုံကို ကောက်ယူပြီး ဘာလုပ်မလဲဆိုသည့် ကိစ္စက ရဲအောင်နိုင် ၏ အသည်းအသန်ပြဿနာ။ ပုံနှင့် ရည်ညွှန်းထားသည့် စာအရ သည်ကိစ္စသည် ဘယ်သူဘယ်ဝါ ထံမှ မသိသော်လည်း ဘာကိစ္စဖြင့် ဖန်တီးထားသည်ဆိုသည်ကို ထွေးထွေးလှိုင်လည်း ကလေး မဟုတ်၊ ကောင်းစွာသိပေလိမ့်မည်။

ပုံကို ဆတ်ကနဲကောက်ယူ၍ တင်းမာသွားသော မျက်နှာနှင့် ဗြိကနဲ ဆွဲထုတ်ပြီဆိုလျှင် တော့ ရဲအောင်နိုင်၏ တပ်ဦးကျိုးသွားပေပြီ။ သို့မဟုတ် ယုယုယယလေးကောက်ယူ၍ သဘောကျ သည့်မျက်နှာနှင့် သိမ်းဆည်းလိုက်ပြီ ဆိုလျှင်တော့ ရဲအောင်နိုင် လက်ခမောင်း ထခတ်ရန်ရှိ၏ ။

သို့သော် ထိုနှစ်ခုစလုံးကို ထွေးထွေးလှိုင် မပြု။ ခဏလေး တန့်သွားသည်ကလွဲ၍ ဘာမှ မဖြစ်သလို ဟန်ပန်ဖြင့် လွယ်အိတ်ကလေး အံဆွဲထဲထည့်ပြီး အေးဆေးသက်သာပင် ထိုင်သည်။

တစ်နေ့လုံး အကဲခတ်နေသော်လည်း ထိုပုံကို ထွေးထွေးလှိုင် ထိပင်မထိ။ သူအချိန်များစွာ ယူ၍ ကြံစည်ကြိုးစားထားသော နည်းစနစ်လေးသည် 'ထိရောက်မှုမရှိတော့ပြီလား'ဟု ရဲအောင်နိုင် စိတ်ဓာတ်ကျချင်လာသည်။

“ဟော့ကောင် . . . မင်းပုံက ရှိမှ ရဲ့လား၊ သူမရောက်ခင် တစ်ယောက်ယောက်တွေ့သွားလို့ ယူများသွားတာလားကွာ”

သူ့လိုပင် ဤပွဲကို လေ့လာသူအဖြစ် အကဲခတ်နေသော ကြွက်ကလည်း နေ့လယ်ကျောင်း ဆင်းချိန် လွန်လာသောအခါ စိတ်ရှည်ပုံမရတော့။

“ရှိတော့ရှိတယ်၊ သူလွယ်အိတ်ထည့်ကာနီးတုန်းက တုံ့သွားတယ်ကွ၊ ဘာဖြစ်လို့ ခုထက် ထိ ဒီပုံကို ပစ်ထားတာလဲ ဆိုတာပဲ မသိတာ”

“ဒီလိုနဲ့တူတယ်၊ မင်းဆွဲတဲ့ပုံမှာ နှုတ်ခမ်းမွေးမပါလို့ ကောင်မလေးက သူ့ပုံ မဟုတ်ဘူးထင် ပြီး ကောက်မကိုင်တာနဲ့ တူတယ်”

ကြွက်ကတော့ ထုံးစံအတိုင်း ချောင်ကုပ်ကုပ် နေရင်းနှင့် ပေါက်ကရ ပြောသည်။

ညနေကျောင်းဆင်း ခေါင်းလောင်းသံကြားရ၏ ။

“ဘယ်လိုလုပ်မလဲ ခွက်”

“စောင့်ကြည့်သေးတာပေါ့ကွာ၊ ကျောင်းဆင်းလို့မှ ယူမသွားရင်လဲ ကိုယ့်ပစ္စည်းကိုယ်ပြန် ယူပြီး တပ်ဆုပ်ရုံရှိတာပေါ့”

“ကဲ . . .အားလုံးမတ်တတ်ထ”

ကျောင်းဆင်းရန် ပြင်ဆင်လိုက်သော ဆရာမစကားနှင့်အတူ လွယ်အိတ်များ ထုတ်ယူ သည်။ အံဖုံးဖွင့်သံများ ပေါ်လာသည်။ ဝေါဝေါ- ဝေါဝေါနှင့် ထရပ်သူက ရပ်သဖြင့် ရဲအောင်နိုင် မြင်ကွင်းမှ ထွေးထွေးလှိုင် ကွယ်သွားသည်။

“ဟာ . . .အရေးထဲကျမှ”

နောက်ဆုံးအချိန်းလေးမှာ ထွေးထွေးလှိုင် ဘာလုပ်သည်ကို မမြင်လိုက်ရသဖြင့် ရဲအောင် နိုင် စိတ်တိုသွားသည်။

“မင်္ဂလာပါ”

“မင်္ဂလာပါ . . .ဆရာမ”

အတန်းထဲမှနေ၍ ကျောင်းသား ကျောင်းသူများ အပြင်ထွက်သည်။ ရဲအောင်နိုင်တို့နှစ် ယောက် အတန်းထဲတွင် လူကုန်သည်အထိ စောင့်နေလိုက်သည်။ အားလုံးကျောင်းအောက်ထပ် ရောက်လောက်ပြီဆိုမှ ထွေးထွေးလှိုင်စားပွဲဆီ နှစ်ယောက်သား ပြေးသည်။ စားပွဲဖုံးကို ကမန်း ကတန်း လှန်လိုက်၏ ။

*****

“ကဲ . . .ရေးစရာရှိလဲ မြန်မြန်ပြီးအောင် ရေးကွာ၊ ငါက ဘေးမှာထိုင်နေရတဲ့လူ၊ ပျင်းတယ် . . . မင်းက စကားလဲ ပြောတာမဟုတ်ဘူး၊ ခွေးအိုကြီးကြွေးထူလို့ စိတ်ညစ်မှိုင်နေတဲ့ ပုံစံမျိုး လုပ်နေတော့ ငါက ဘာလုပ်ရမလဲ”

စာရေးဖို့ စဉ်းစားရင်း အတွေးက ချော်တောငေါ့သွားသဖြင့် မည်မျှကြာအောင် ပတ်ဝန်း ကျင်နှင့် အဆက်ပြတ်သွားသည်မသိ။ ကြွက်က လောမှ သတိပြန်ဝင်လာသည်။ သို့သော် သူတွေး နေသည်ကလည်း အလဟဿ အချိန်ဖြုန်းနေတာမျိုး မဟုတ်သဖြင့် . . .

“မဟုတ်ပါဘူး ကြွက်ရာ၊ ငါပေါက်တတ်ကရတွေ ထိုင်တွေးနေတာ မဟုတ်ပါဘူး၊ ထွေးထွေးလှိုင်နဲ့ငါ စတွေ့ကတည်းကနေ ငါလှုပ်ရှားလာတဲ့ ကိစ္စလေးတွေကို ပြန်စဉ်းစားကြည့်နေ တာပါ။ ငါနဲ့ပတ်သက်လို့ ထွေးထွေးလှိုင် ဘယ်လိုသဘောထားမလဲဆိုတာ တွက်ကြည့်နေတာပါ”

ပထမတော့ ကြွက်က နောက်လိုက်မလို့ ပြင်သေးသည်။ သို့ရာတွင် ခုရောက်နေသေည့် အချိန်က ရဲအောင်နိုင်အတွက် အရေးကြီးသည့် အချိန်ဖြစ်နေသဖြင့် နောက်ချင်စိတ်ကို ထိန်းလိုက် ပြီး အတည်ဘက် လှည့်လိုက်သည်။

"ဘာမှ သိပ်တွက်မနေနဲ့ ခွက်၊ ဒါမျိုးဆိုတာ အတိအလင်း မလုပ်မချင်း ဘာမှ သေချာတာ မဟုတ်ဘူး။ နောက်ပြီး ရှေ့ပိုင်းက မင်းလုပ်လာခဲ့တာက သူမသိငါပိုး၊ ခိုးကြောင်ခိုးဖှက်ကိစ္စတွေ၊ တစ်ခုပဲ ငါပြောမယ်၊ ရှေ့က မင်းလုပ်ထားတဲ့ ကိစ္စတွေဟာ တစ်လျှောက်လုံး မင်းလုပ်လာခဲ့တာပဲ ဆိုတာ ပေါ်အောင်ရေး"

ဟုတ်တော့ ဟုတ်သည်။ ကြွက်ပြောသလိုပင် ခုနေကနေတွက်လျှင်တော့ ဘာမှရေရာ သည်မဟုတ်။ ကန့်လန့်ကာနောက်ကွယ်မှ လှုပ်ရှားခဲ့သည်။ ကိစ္စအဝဝ တွေကလည်း လူကိုယ်တိုင် ရှေ့ထွက်ပြလိုက်သောအခါ အထောက်အကူ ဖြစ်ချင်မှ ဖြစ်လာမည်။ မဖြစ်ဘူးဟုလည်း ပြော၍ မရ။

ရှေ့နှင့်နောက် ဆက်စပ်၍ ရေးရမည်။

ဒါကတော့ သိပ်ခက်ခဲမည်မဟုတ်။ စိတ်ကူးနှင့်ပင် ဦးဆုံးရေးရမည့်အကြောင်းကို တွေး၍ ရသည်။

ထွေး . . .

သည်လက်ရေးကိုမြင်ရင် တို့ဘယ်သူဆိုတာ ထွေး မှတ်မိမှာပါ။ တစ်လျှောက်လုံး ထွေးကို ပဟေဠိဖှက်သလို လုပ်ထားမိခဲ့ရင်လဲ တို့ကို ခွင့်လွှတ်ပါ။ အမှန်တော့ ထွေးရဲ့ 'အတန်းထဲက သူငယ်ချင်း'ဆိုတာ တို့ပါ။ ရဲအောင်နိုင်ပါ ထွေး။

*****

"ဟော့ကောင် . . . ခွက်၊ မင်းဥစ္စာမရှိတော့ဘူး"

ကြွက်က အလန့်တကြားထအော်သည်။ သူလည်း မြင်လိုက်၏ ။ ထွေးထွေးလှိုင်၏ စားပွဲ အံ့ထဲတွင် ဘာမျှမရှိတော့။

"ဒါဆို သူပြန်ကာနီးကျမှ လွယ်အိတ်ထဲ ကောက်ထည့်သွားတာဖြစ်မယ်ကွ"

ဂမ်းသာသောစိတ်ကလေး ဒိန်းကနဲ ရင်ဂဆောင့်၏ ။

*****

နေ့စဉ်ရက်ဆက်တော့ မဟုတ်၊ တစ်ပတ်မှာ နှစ်ရက်လောက် ဤဂတ္တာရားကို ရဲအောင်နိုင် မှန်မှန်ဆောင်ရွက်သည်။

ထွေး၏ ပုံတူ၊ ပန်းကလေး၊ ငှက်ကလေး နှစ်ကောင်၊ ရှူခင်းလှလှ . . . စသဖြင့် စိတ်ကူးတွင် ခံစားရသလို ပုံလေးတွေအမျိုးမျိုး ပြောင်းသည်။

စာလေး တစ်ကြောင်းနှစ်ကြောင်းကလည်း အမြဲပါသည်။

ပန်းကလေးပုံဆွဲဖြစ်လျှင် . . .

ပန်စေချင်တယ် မိန်းကလေးရယ်. . .

ဒါပေမယ့် ခြွေမှာကြောက်လို့ မြိုသိပ်ထားရတယ် . . .”

စသဖြင့် . . ..

ငှက်ကလေးနှစ်ကောင် ရေးလျှင် . . .

“မျှော်လင့်ချက်လေးတွေက အိပ်မက်လေးတွေ ဖြစ်လာတယ် . . . အိပ်မက်ထဲမှာ ငှက်တောင်ပံလေးတွေ မညောင်းဘူးကွယ် .. . .” စသဖြင့် . . .

ရှူခင်းလှလှလေးတွေ ရေးသည့်အခါတွင်လည်း . . .

“လောကကြီးဟာ မင်းရှိနေသမျှ အလှဆုံးပေါ့ . . . မင်းမရှိရင် အလှတရားတွေအားလုံး ဆိတ်သုဉ်းကုန်မှာပါ” စသဖြင့် . . .

စိတ်ကူးစကားလေးများ အလျဉ်းသင့်သလို ထည့်သွင်းရေးပေးခဲ့သည်။

လုံးဂမပြောင်းလဲသော အမှတ်အသားအဖြစ် ‘အတန်းထဲက သူငယ်ချင်းတစ်ယောက်’ ကတော့ အမြဲတမ်းပါသည်။

ဤလုပ်ရှားမှုလေးက ကန့်လန့်ကာ နောက်ကွယ်မှ နေ၍ လှို့ဝှက်စွာ လှုပ်ရှားခဲ့သော ကိစ္စ များ။

ပေါ်ပေါ်ထင်ထင် ရဲအောင်နိုင်အနေနှင့်လည်း သိပ်မစိမ်းခဲ့။ သို့သော် အနည်းငယ်ခြားနားမှု တော့ ရှိ၏ ။

*****

"ရဲအောင်နိုင် ထစမ်း"

ဆရာမ အသံက ဒေါသဖြင့် ကျယ်လောင်သွားသည်။

ရဲအောင်နိုင်ကတော့ သူ့မူမပျက် ခပ်ဖြည်းဖြည်း ပုံစံဖြင့် ထရပ်သည်။ အတန်းထဲက မျက်လုံးအားလုံး သူ့ထံရောက်နေ၏ ။

ဒါ . . . နင်လုပ်ထားတာဆို။ ဟုတ်လား"

ဆရာမ၏ လက်ညှိုးညွှန်ရာတွင် စာရွက်တစ်ရွက် ရှိသည်။ စာရွက်ပေါ်တွင် အတန်းထဲမှ ကျောင်းသူ ကျောင်းသားတချို့၏ ပတ်စပို့အရွယ် ဓာတ်ပုံလေးများ စီကပ်ထားသည်။ အောက် ဘက်မှာ စာတန်းတစ်တန်း။

"အာဖရိကမှ ဖမ်းယူလာသည့် မျောက်ထီးနှင့် မျောက်မများ"

အမှန်က ထိုဓာတ်ပုံများသည် ကျောင်းသားမှတ်ပုံတင်ကတ် ပြုလုပ်ရန် ကျောင်းသား ကျောင်းသူတွေဆီက ဆရာမယူထားသော ပုံများ၊ လူမစုံသေးသဖြင့် အထုပ်လိုက်သည်အတိုင်း ထားသည်။ မနေ့ညနေက ဆရာမအတန်းထဲက အထွက်တွင် အမှတ်တမဲ့ကျကျန်ခဲ့၏ ။ ကံဆိုးချင် တော့ ကျသွားသည့်ဓာတ်ပုံထုပ်ကို ရဲအောင်နိုင်နှင့် ကြွက်တို့ ကောက်ရသည်။

ဤသို့ဖြင့် သည်နေ့မနက် ကျောင်းတက်ချိန်၊ ကျောက်သင်ပုန်း အထက်နံရံပေါ်၌ မျောက် များလာဖြစ်နေတော့၏ ။

သူတို့ခုတ်ပုံကပ်နေစဉ် ရှေ့ဆုံးတန်းမှ ကောင်မလေး သုံးယောက်က တွေ့သွားသည်။ သို့သော် ရဲအောင်နိုင်တို့ ကပ်ထားသည်က အမြင့်ကြီးမို့ ခွာလို့လည်းမရဘဲ ဆရာမလာမှ ခပ်တိုး တိုး ကြိတ်တိုင်ထားခြင်းဖြစ်၏ ။

"ဘယ်သူပြောလဲ . . . ဆရာမ"

"နင်ငါ့ကို ပြန်မမေးနဲ့၊ ငါမေးတာပဲ ပြော၊ ဒါ နင်တို့လုပ်ထားတာ ဟုတ်လား၊ မဟုတ်ဘူး လားပဲ ဖြေ"

"ဟုတ်လဲ ဟုတ်တယ်၊ မဟုတ်လဲ မဟုတ်ဘူး ဆရာမ"

အတန်းထဲတွင် ရယ်သံလေးများ ပေါ်လာသည်။ ဆရာမ၏ ဒေါသမျက်နှာ ပိုပီသလာ၏ ။

"ဘာပြောတယ်"

"ဒီလိုပါ ဆရာမ၊ ဆရာမ ပြောသလိုပါပဲ။ ဒါနင်တို့လုပ်ထားတာ ဟုတ်လား၊ မဟုတ်ဘူးလား ဆိုတော့၊ ကျွန်တော်တို့ လုပ်တာ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်က နည်းနည်းပဲပါတယ်၊ အကြံပေးရုံသက်သက်ပါ"

ရဲအောင်နိုင်စကားကြောင့် ကြွက်နှင့်ကြံရာပါများ မျက်လုံးပြူးကုန်ကြသည်။

"ဘယ်လို အကြံပေးလဲ"

"တခြားလူတွေက မေးတယ်၊ ဒီပုံတွေ ဘာလုပ်ရင် ကောင်းမလဲတဲ့။ ကျွန်တော်က ဟာ . . . ဘာလုပ်ရမလဲကွာ၊ လူဆိုတာ မျောက်က ဆင်းသက်တာပဲ။ အတန်းထဲမှ အလှဆုံးသော မျောက်ထီးနှင့် မျောက်မများဆိုပြီး ရေးကပ်လိုက်လို့ အကြံပေးပါတယ်။ အာဖရိကမှ ဖမ်းယူလာ သော ဆိုတာ ကျွန်တော် မပါတော့ဘူး"

"ဘယ်လူတွေပါလဲ"

ရဲအောင်နိုင်က ဘေးဘယ်ညာတစ်ဖက်စီးကြည့်သည်။

ကြွက်တို့အုပ်စုက အံ့ကြိတ်၍ ပြန် ကြည့်၏ ။ ရဲအောင်နိုင်က ခပ်တည်တည်နှင့် ရှေ့ဆုံးတန်းမှ ကောင်မလေးများဆီ လက်ညှိုးပြန်ထိုး ပြီး . . .

“ဟော့.. . .နင်တို့ပြောလိုက်လေ . . . ဆရာမကို နင်တို့တိုင်ထားတာ မဟုတ်လား”

ကောင်မလေးတွေ မျက်နှာရဲတွတ်ကုန်သည်။

“ရဲအောင်နိုင်”

“ခင်ဗျာ . . .ဆရာမ”

ဝါးကနဲ ရယ်သံများ ဆူညံသွားသည်။ ဆရာမ၏ ဒေါသနှင့် ဝင်အဟန့်ကို အပြစ်မရှိသော မျက်နှာငယ်ဖြင့် ပြန်ထူးလိုက်၍ ဖြစ်သည်။ ထိုစဉ် ရှေ့ဆုံးတန်းမှ ညှောင်ညိုညှောင်ညို အသံလေး ထွက်လာ၏ ။

“အောင်သိန်းတို့ ကျော်ဝင်းလဲ ပါတယ်ဆရာမ”

မထူးတော့ဘူးထင်၍ လား မသိ။ ရှေ့ဆုံးတန်းက ကောင်မလေးတွေကလည်း ပေါ်ပေါ် ထင်ထင် လုပ်တော့သည်။

“ထစမ်း . . . အောင်သိန်းနဲ့ ကျော်ဝင်း”

မတ်တပ်ရပ်နေသူ သုံးယောက်ဖြစ်လာ၏ ။ အောင်သိန်းဆိုသည့် ကြွက်ကလည်း ငြိမ်ငြိမ် မထ။

“ကျွန်တော်တို့တင်မကဘူး ဆရာမ၊ အဲဒီ ကောင်မလေးတွေပါ ပါတယ်”

“အမယ် . . .ငါတို့ ဘာပါလို့လဲ”

ကောင်မလေးတွေက ကက်ကက်လန်ပြန်ရန်တွေ့သည်။

“ပါတာပေါ့ . . . ငါတို့ပြစ်မှုတစ်ခု ကျူးလွန်နေမှန်း သိလျက်နဲ့ မလုပ်နဲ့လို့ တစ်ခွန်းမပြော ဘူး။ ဒါ . . . နင်တို့ပါ အလိုတူ အလိုပါလို့ တရားဥပဒေသဘောအရ

နင်တို့လဲ ကြံရာပါတွေ”

“ဟုတ်တယ် . . . ဟုတ်တယ်”

ယောကျ်ာလေးအုပ်စုဘက်မှ အသံများ ပေါ်လာ၏ ။

“တော်စမ်း ဘယ်သူမှ ဘာမှမပြောနဲ့။ အဲဒီ ဟုတ်တယ် ဆိုတဲ့ကောင်တွေပါ အကုန်ထ”

မိန်းကလေးများ၏ ရယ်သံများ ညံသွားသည်။

နိဂုံးချုပ်တော့ ထိုနေ့က သုံးချိန်ဆက်ပြီး ရဲအောင်နိုင်တို့တစ်သိုက် ခုန်ပေါက်မတ်တတ်ရပ်နေ ကြရ၏ ။

ရဲအောင်နိုင်တို့အုပ်စုက သည်လိုအုပ်စု။

*****